ဝက်လေးကျေးရွာ

သံဖြူဇရပ်မြို့နယ်၊ မော်လမြိုင်

မွန်ပြည်နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၇ - ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဝက်လေးကျေးရွာ သံဖြူဇရပ်မြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊သံဖြူဇရပ်မြို့နယ်

ကကူညီရေးဆွဲသည် )

၂၀၁၉ ခုနှစ်၊ လ

**မာတိကာ**


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃ |
| | **ဝက်လေးကျေးရွာသယံဇာတပြမြေပုံ၊ သံဖြူဇရပ်နယ်** | ၅ |
| | | |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၆ |
| ၂။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | ၆ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၆ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၇ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၇ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၇ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၈ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၈ |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၉ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၉ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၉ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၉ |
| ၆။ | **ပညာရေး** | ၉ |
| ၇။ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | ၁၀ |
| ၈။ | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၀ |
| ၉။ | **ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ** | ၁၁ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့်  အဆိုပြု စီမံချက်လုပ်ငန်းများ** | ၁၂ |
| | | |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၅ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၆ |
| | နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၅၄ |
| | နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | ၆၄ |
| | နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂) | ၆၆ |
| | နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃) | ၆၈ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ ကျေးရွာ၏ လူထုအများစုပေါင်းပါဝင် ရေးဆွဲထားသည့် ၂၀၁၇/၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၀၂၂ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါ သည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်း များကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင် ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်း များနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင် ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်း အချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ် အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင် ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက် ၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို

ဆန်းစစ် သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက်ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံ ကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာစသည် တို့ကို အဓိကထား ဖော်ပြထားပါသည်။

လ၊ ၂၀၁၁ ခု

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဝက်လေးကျေးရွာ
သံဖြူဇရပ်မြို့နယ်

# ဝက်လေးကျေးရွာ သယံဇာတပြမြေပုံ



## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ဝက်လေးကျေးရွာသည် မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ သဖြူဇရပ်မြို့တွင် နှစ်ကိုင်း ကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် လယ်ကွင်းနှင့် ရော်ဘာခြံများ၊ အနောက်ဘက်တွင် မြမာလာရပ် ၊ တောင်ဘက်တွင် နှစ်ကိုင်း ကျေးရွာ ၊ မြောက်ဘက်တွင် ဗုဒ္ဓရပ်တို့နှင့် နယ်နိမိတ်ချင်း ထိဆက်လျှက်ရှိပါသည်။ ကျေးရွာ၏ မြေမျက်နှာပြင်သည် ညီညာပြန့်ပြူးခြင်းရှိပါသည်။ မွန်လူမျိုးများသာ နေထိုင်ကြပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကျေးရွာ၏ ရွာသီဥတုမှာ သမပိုင်းရာသီဥတုဖြစ်ပြီး၊ အပူအအေးမျှတမှု ရှိပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ (၈) ဧက၊ ဥယျာဉ်ခြံမြေ (၇) ဧကနှင့် ဓနိတောမြေ ၁ ဧက စုစုပေါင်း (၁၆) ဧက ရှိပါသည်။ အိမ်ခြံမြေများ တွင်လည်း ရာသီအလိုက် ဟင်းသီး ဟင်းရွက်ပင်များကို အနည်းအကျဉ်း စိုက်ပျိုးကြပါသည်။ မြေဆီလွှာ အရည်အသွေးမှာ အသင့်အတင့် ကောင်းမွန် ပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများတွင် ရပ်မိရပ်ဖကျား (၇ဦး+မ၈ ဦး) ၊ နှင့်အုပ်ချုပ်ရေးအဖွဲ့ (ကျား- ၁ဦး + မ ၁ -ဦး) သည် ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေးနာရေး၊ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက် ကြပါသည်။ ဂေါပကအဖွဲ့ ( ကျား - ၉ ဦး + မ ၇ - ဦး) သည် ကျေးရွာ၏ သာရေးနာရေးနှင့် ဘုန်းတော်ကြီး၏ ကျောင်းလိုအပ်ချက်များကို ဆောင်ရွက်နေပါသည်။ ကျေးရွာလူငယ် ပရဟိတအဖွဲ့ (ကျား-၁၇ ဦး+ မ ၈-ဦး) လမ်းကော်မတီ(ကျား - ၆ ဦး+ မ ၃-ဦး) ကျေးရွာ၏ လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများတွင် စုပေါင်းလုပ်ဆောင် နေကြပါသည်။ ကျောင်းကော်မတီမှ (ကျား- ၄ ဦး+ မ ၃-ဦး) သည် ကျေးရွာစာသင်ကျောင်းရှိ ဆရာ/ ဆရာမများနှင့်ပူပေါင်း၍ ကျေးရွာ၏ပညာရေး ၊ကျန်းမာရေးနှင့် တိုးတက် လာစေရေး အတွက်လုပ်ဆောင် လျှက်ရှိပါသည်။ အမျိုးသမီးရေးရာအဖွဲ့ (မ-၁၂)ဦးနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့ (မ-၁၃)ဦး နှင့်ကျန်းမာရေးအဖွဲ့ (ကျား-၁ ဦး+ မ-၂ဦး)သည် ကျန်းမာရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျှက်ရှိပါသည်။

ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့စုစည်းညီညာစွာဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် စုပေါင်းလုပ်ဆောင်နေကြပါသည်။

ကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများဖြစ်သည့် IOM အဖွဲ့မှ HIV , TV ကျေးရွာဖွံ့ဖြိုးရေး အတွက် ရောဂါများနှင့်ပတ်သက်ပြီး ဆေးများနှင့် အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးခဲ့ UNICEF အဖွဲ့မှ ငှက်ဖျားရောဂါနှင့်ပတ်သက်သည့် ဆေးပေးခြင်း ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများအား အသိပညာပေးဟောပေးခဲ့ပါသည်။ Pact Myanmar

အဖွဲ့မှ ငွေစုငွေချေးကိစ္စများအား ရှင်းလင်းပြောကြားပေးခဲ့ပြီး ယခုအချိန်ထိ ချေးငွေများ လာရောက် ဝန်ဆောင်မှု မရှိသေးပါ။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

ဝက်လေးကျေးရွာတွင် ၂.၅ ဧကအောက် ဆင်းရဲသားတောင်သူ (၁၁) အိမ်ထောင်စု၊ ၂.၅ ဧကမှ ၅ ဧကကြား တောင်သူငယ် (၁) အိမ်ထောင်စု၊ မြေယာမဲ့ အိမ်ထောင်စု(၁၀၈)အိမ်ထောင်စုရှိပါသည်။ လယ်စိုက်ပျိုးရေးနှင့်ရော်ဘာစိုက်ပျိုးရေးလုပ်ငန်း ကိုင်လုပ်ကိုင်သည့် အိမ်ထောင်စုနည်းပါးသည်။ လယ်/ရော်ဘာစိုက်ပျိုးရေးလုပ်ကိုင်သည့် အိမ်ထောင်စုသူများအတွက် စိုက်ပျိုးရေး နည်းပညာများ ရရှိရန် လိုအပ်ပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေမှာ မိုးရေကိုသာ အဓိကထား စိုက်ပျိုးလုပ်ကိုင်ကြပြီး ရေလုံလောက်မှု အသင့်အတင့်ရှိပါသည်။ လယ်ဧကပိုင်ဆိုင်မှုနည်းပြီး စပါး အထွက်နှုန်းမှာ တစ်ဧက ပျမ်းမျှ (၃၀) တင်းသာ ထွက်ရှိပါသည်။ မိုးစပါးစိုက်ပျိုးရာတွင် စပါးဖျက်ပိုးနှင့် ခရုများ အနည်းငယ် ကျရောက်သဖြင့် စပါးစိုက်ပျိုးရေးအတွက်လည်း နည်းပညာများ ရရှိရန် လိုအပ်ပါသည်။ ကျေးရွာတွင် လယ်ယာသုံး စက်ကိရိယာ တစ်ဦးချင်းပိုင်ဆိုင်မှု မှာ ထွန်စက် (၁)လုံး၊ ရေစုပ်စက် (၁၄) လုံးနှင့်မြက်ရိတ်စက် (၁၀) လုံးသာရှိပါသည်။ စပါးစိုက်ပျိုးရာတွင် ထွန်ယက်စိုက်ပျိုးပြီးသည့်အထိ တစ်ဧကလျှင် ကျပ်(၄၀၀၀၀) ပေးပြီး ငှားရမ်းစိုက်ပျိုးရပါသည်။ ရိတ်သိမ်းချိန်တွင် ခလေ့အတိုင်းသာလူဖြင့်လုပ်ကိုင် ဆောင်ရွက်လေ့ရှိပါသည်။ ကျေးရွာတွင် လိုအပ်သည့် သွင်းအားစုနှင့်ဓါတ်မြေသြဇာများ ကိုလည်း ဝယ်ယူနိုင်ခြင်းမရှိပါ။ သီးနှံဈေးကွက်နှင့်ဝန်ဆောင်မှုများကိုလည်း ကျေးရွာမှထော်လာဂျီများ ဖြင့် ( ၁/၅ )မိုင်ခန့် ဝေးကွာသည့် သံဖြူဇရပ်မြို့ သို့တင်ပို့ပြီး ရောင်းချ နိုင်ပါသည်။

### (ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် ဆိတ်မွေးမြူထားသည့် အိမ်ထောင်စု (၁) စုမှ ဆိတ်ကောင်ရေ (၃၂)ကောင်၊ အိမ်ထောင်စု (၃) အိမ်မှ ဝက်ကောင်ရေ (၇) ကောင်၊ အိမ်ထောင်စု (၅၇) အိမ်မှ ကြက် (၅၇၂) ကောင်၊ အိမ်ထောင်စု (၃၅) အိမ်မှ ဘဲ(၂၆၃) ကောင် စသည်ဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးကို လုပ်ကိုင်နေကြပါသည်။ မွေးမြူရေးကို လုပ်ကိုင်သည့် အိမ်ထောင်စုများမှာ (၉၆) စုရှိသော်လည်း စီးပွားဖြစ်လုပ်ကိုင်သည့် အိမ်ထောင်စု (၄)စုသာ ရှိပါသည်။

မွေးမြူရေးနှင့်ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများ မရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများ ကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ် ရှိသည့်အပြင် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ အားနည်းကြပါသည်။ မွေးမြူရေးအား စီးပွားဖြစ်မွေးမြူနိုင်ရန် ငွေကြေးလုံလောက်ရန် လိုအပ်ပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ**

ကျေးရွာသည် မြို့နှင့်နီးသော်လည်း အသက်မွေးဝမ်းကျောင်းပညာရပ်ဖြင့် လုပ်ကိုင်နေသည့် အိမ်ထောင်စု နည်းပါးသည်။ ကားမောင်းခြင်း၊ လက်သမား၊ ပန်းရံ လုပ်ငန်းများ လုပ်ကိုင်သူ အနည်းငယ်ရှိပါသည်။ ဈေးရောင်းပြီးအသက်မွေးဝမ်းကျောင်းကြပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး မဟုတ်သော အသက်မွေး လုပ်ကိုင်နေကြသော မိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်း နည်းပညာနှင့် အသေးစား/ အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ မရှိသဖြင့် အလုပ်နှင့်လိုက်လျော ညီထွေဖြစ်သော အတတ်ပညာများကျွမ်းကျင်စွာ တတ်မြောက်မှုမရှိခြင်းတို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသဖြင့် အခြားဒေသများ နှင့် လုပ်ကိုင်သူဦးရေ ရှိလာခြင်းကြောင့် လုပ်သားအင်အား ရှားပါးသည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာတွင် လယ်သမားများသည် စိုက်ပျိုးစရိတ် ချေးငွေများကို မြန်မာ့လယ်ယာ စိုက်ပျိုးရေးဘဏ်မှ စိုက်ပျိုးရေးချေးငွေ ချေးယူကြပါသည်။ သမဝါယမ၊ မှလည်း ချေးယူသူများရှိပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများမှ မြစိမ်းရောင် စီမံကိန်းချေးငွေများ ရရှိထားပါသည်။ ချေးယူခြင်းများ ရှိပါသည်။ BNK မှလည်း ချေးယူသူများ ရှိပါသည်။ ငွေကြေးဝန်ဆောင်မှုများ ရှိပါသည်။ မိမိတို့ကျေးရွာတွင် မိတ်ဆွေနှင့် ဆွေမျိုးများ နှင်ငွေချေးပေးသူထံမှသာ ချေးယူကြပါသည်။ ကိုယ်ပိုင်ရင်းနှီးငွေ နည်းပါးကြပါသည်။ မွေးမြူရေး လုပ်ငန်းများနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ လုပ်ကိုင်နေကြသော မိသားစုဝင်များသည် ချေးငွေများ လွယ်ကူစွာ လိုသလောက်မရရှိသဖြင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းမှ စီးပွားဖြစ်လုပ်ကိုင်ကြရန် အခွင့်အလမ်းများ နည်းနေကြပါသည်။ ကျေးရွာရှိ ဆွေမျိုးများထံမှလည်း ချေးယူကြပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ

### (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် စက်ဘီး (၉၈) စီး၊ မော်တော် ဆိုင်ကယ် (၉၆) စီး၊ ထော်လာဂျီ (၄) စီး၊ ကား (၁) စီး စသည်ဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အသုံးပြု နေကြပါသည်။

ကျေးရွာတွင် ရွာတွင်းမြေသားလမ်း (၉)လမ်းနှင့်ရှိပြီး လမ်းအခြေအနေ အသင့်အတင့် ကောင်းမွန်ပါသည်။ ၎င်းလမ်းများအား ကွန်ကရစ်လမ်းများ အဆင့်မြှင့်တင်ခြင်းဖြင့် လမ်းပန်းဆက်သွယ်ရေးပိုမို ကောင်းမွန်လာမည်ဖြစ်ပါသည်။

### (ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် အိမ်ထောင်စု (၁၂၀) စု ရှိပြီး ဓါတ်အားလိုင်းဖြင့်(၃၄) အိမ်ထောင်စု၊ ဆိုလာစနစ်ဖြင့် (၂၁) အိမ်ထောင်စု ၊ ဒီဇယ်အင်ဂျင်ဖြင့် (၄) အိမ်ထောင်စု နှင့် အမျိုးအမည်ခွဲခြား၍မရသော အိမ်ထောင်စု (၆၁) အိမ်ထောင်စုရှိပါသည်။ ကျေးရွာတွင် လျှပ်စစ်ဓါတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ ပင်မဓါတ်အားလိုင်းနှင့်နီးသည့် အိမ်ထောင်စု (၃၄)စုသာ မဟာဓါတ်အားလိုင်းဖြင့် မီးလင်းနိုင်ပြီး ကျန်အိမ်ထောင်စုများအားလုံးမီးလင်း နိုင်ရန်အတွက် မီးတိုင် (၁၈)တိုင်နှင့် မီးကြိုး ပေ(၁၈၀၀) ရရှိရန် လိုအပ် ပါသည်။

### (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၁၄၃) လုံး၊ ရေဒီယို (၇၂) လုံး၊ တီဗွီ (၆၇) လုံး၊ ဂြိုလ်တုစလောင်း (၃၆)လုံး စသည်ဖြင့် သတင်းအချက်အလက်များကို ကြည့်ရှု/နားဆင် ကြပါသည်။ ကျေးရွာအနီးတွင် MPT,Telenor တာဝါတိုင်များနှင့် အလှမ်းအဝေးဘဲ ဆက်သွယ်ရန် အခက် အခဲများ မရှိပါ။

## ၆။ ပညာရေး

ကျေးရွာတွင် မူလတန်းအဆင့် ပညာရေးကို သင်ကြားနိုင်ပြီး အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်ပညာရေးကို ကျိုက္ခမီမြို့ကျောင်းသို့ သွားရောက် ပညာသင်ကြားရပါသည်။ ကျောင်းသုံးပရိဘောဂများလုံလောက်မှုမရှိပါ ။ ရပ်ဝေးမှ ဆရာ/မများအတွက် ဝန်ထမ်းအိမ်ယာနှင့် ကလေးငယ်များအတွက် မူကြိုကျောင်းဆောင် ဆောက်လုပ်ပေးရန် လိုအပ်ပါသည်။ ကျောင်းဝန်းလုံခြုံစေရန်အတွက် ကျောင်းခြံစည်းရိုး ပြုလုပ်ရန် လိုအပ်ပါသည်။

ကျေးရွာတွင် စာမတတ်သည့် လူဦးရေ အများစုမှာ သက်ကြီးရွယ်အိုများ ဖြစ်ကြပါသည်။ မူလတန်းအဆင့် စာတတ်မြောက်သည့် လူဦးရေမှာ (၅၅.၇၄) ရာခိုင်နှုန်းအထိ

များပြားခြင်းနှင့် အလယ်တန်းအဆင့် စာတတ်မြောက်သူများမှာ (၆.၀၃) ရာခိုင်နှုန်း၊ အထက်တန်း အဆင့် စာတတ်မြောက်သူများမှာ (၅.၆၅) ရာခိုင်နှုန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက် သူမှာ (၃.၂၀) ရာခိုင်နှုန်းတို့ ရှိခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူ့စွမ်းအား အရင်းအမြစ်ကောင်းများ ဖြစ်ကြပါသည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာတွင် ကျန်းမာရေးဦးစီးဌာနမရှိပါ။ ကျေးရွာတွင်မေးခိုင် ရောဂါ၊ ပိုလီယို ရောဂါ ၊ အသည်းရောင်အသားဝါရောဂါ ၊ ဂျပန်ဦးနှောက်ရောင်ရောဂါ၊ ဆင်ခြေထောက် ရောဂါ စသည့်ရောဂါများ ကာကွယ်ဆေးများထိုးပေးမှုနှင့် တိုက်ကျွေးမှုများ ရှိပါသည်။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာခွဲ မရှိသော်လည်း နှစ်ကိုင်းကျေးရွာ ကျေးလက်ဆေးပေးခန်း နှင့် ကျိုက္ကမီဆေးရုံသို့ သွားလာရ အဆင်ပြေသောကြောင့် ကျန်းမာရေးကဏ္ဍအတွက် အခက်အခဲများမရှိပါ။ သို့သော် ကျေးရွာအတွက် ကျန်းမာရေး ဆေးပေးခန်း ဆောက်လုပ်ပေးလျှင် ပိုမိုကောင်းမွန်မည် ဖြစ်ပါသည်။ ကျေးရွာတွင် သောက်သုံးရေကို လက်တူးတွင်းနှင့် စက်ရေတွင်း (၂) မှ ရေကိုအဓိကထား အသုံးပြု ကြပါသည်။ သို့သော် နွေရာသီတွင် လက်တူးတွင်းများမှ ရေခမ်းသည့်အခါ စက်ရေတွင်း (၂)တွင်းမှ ရေလုံလောက်မှု မရှိသဖြင့် ကျေးရွာတွင် စက်ရေတွင်း (၁)တွင်းတူးပေးရန် လိုအပ်ပါသည်။ ကျေးရွာတွင်ကျန်းမာရေး အသိအမြင် ဗဟုသုတများ လူတိုင်းနားလည် စေရန် ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်ပါသည်။

## ၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုများနှင့် လက်လုပ်လက်စား ကျဘန်းများလုပ်ကိုင်သည့် အိမ်ထောင်စုများ များပြားပါသည်။ ၄င်းအိမ်ထောင်စု များသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများ ကြုံတွေ့ပါက အခြား အိမ်ထောင်စုများထက် ပို၍ ထိခိုက်ခံစားရ လွယ်ကူနိုင်ပါသည်။

ဝက်လေးကျေးရွာသည် သဘာဝတွင်းထွက်ပစ္စည်း ၊ ကျောက်/သဲ၊ သဘာဝ အပင် မျိုးစိတ်နှင့် သဘာဝ တိရစ္ဆာန်မျိုးစိတ်များ မရှိပါ။ မိုးရာသီနှင့် ရာသီကူးပြောင်းချိန် ကာလ တွင် သွေးလွန်တုပ်ကွေးရောဂါအများဆုံး ဖြစ်ပွားလျှက်ရှိပြီး ဝမ်းပျက်ဝမ်းလျှော ရောဂါ၊ ငှက်ဖျားရောဂါ၊တီဘီရောဂါ၊ အသည်းရောဂါများ ဖြစ်ပွားမှု အနည်းငယ် ရှိပါသည်။ လူကြီးများတွင်ဆီးချိုရောဂါနှင့် သွေးတိုးရောဂါ အများဆုံးဖြစ်ပွားလျှက်ရှိပါသည်။ တိရိစ္ဆာန် ရောဂါများသည် ရာသီကူးပြောင်းမှုများတွင် ဖြစ်ပေါ်သော ကြက်၊ ဂက် တုပ်ကွေး ရောဂါများ ဖြစ်ပွားမှု အနည်းငယ် ရှိပါသည်။

## ၉။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများပါဝင်မှုရှိပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ဆောင်ရာတွင် အမျိုးသမီးများတက်ကြွစွာ ပါဝင်ဆောင်ရွက် နေကြောင်း လေ့လာတွေ့ရှိရပါသည်။ အမျိုးသမီး အကြမ်းဖက်မှုများ မရှိသော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာ အသိပညာများ အားနည်းကြပါသည်။

## ၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် - နှစ်ကိုင်း | | | ကျေးရွာအမည် - ဝက်လေး | |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | မှတ်ချက် |
| ၁ | အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး | အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး | အဖွဲ့ဝင်များအား စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှု၊ စာရင်းကိုင်စသည့် သင်တန်းများ စီစဉ်ဆောင်ရွက်ခြင်း။ | |
| ၂ | စိုက်ပျိုးရေး | နည်းပညာ | မျိုးကောင်းမျိုးသန့် သင်တန်းများ ဆောင်ရွက်ခြင်း။ | |
| ၃ | စိုက်ပျိုးရေး | နည်းပညာ | ပိုးမွှား၊ ရောဂါကာကွယ်နှိမ်နင်းရေး နည်းပညာသင်တန်း/ ဟောပြောပွဲများ စီစဉ်ဆောင်ရွက်ခြင်း။ | |
| ၄ | စိုက်ပျိုးရေး | ဈေးကွက် | ဈေးကွက်ဆန်းစစ်ခြင်းနှင့် လိုအပ်ချက်အတိုင်း ထုတ်လုပ်ခြင်း။ | |
| ၅ | မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ | တိရိစ္ဆာန် မွေးမြူရေး | မြို့နယ် မွေး/ကုဌာနနှင့် ချိတ်ဆက်၍ စီးပွားဖြစ် မွေးမြူနည်းသင်တန်းများနှင့် ဝန်ဆောင်မှုများ ရရှိရန် ချိတ်ဆက်ခြင်း။ | |
| ၆ | ထုတ်ကုန်လုပ်ငန်းနှင့် အသေးစား -အလတ်စားစီးပွားရေးလုပ်ငန်း များဆိုင်ရာ | ထုတ်ကုန်လုပ်ငန်းများ၊ SME | အသေးစား/အလတ်စား စီးပွားရေးကျွမ်းကျင်မှု သင်တန်းများ စီစဉ်ခြင်း။ | |
| ၇ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ကျောင်းခြံစည်းရိုးအုတ်တံတိုင်းကာရံခြင်း (အရှည်ပေ ၂၈၅ x အမြင့် ၅ ပေ) ကျောင်းသုံးပရိဘောဂများ ပြည့်စုံအောင် ရရှိလိုခြင်း | |
| ၈ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | ဝန်ထမ်းအိမ်ယာ ဆောက်လုပ်ရန် (အလျား၆၀'x အနံ ၃၀’ ) | |
| ၉ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ | မူကြိုကျောင်းဆောက်လုပ်ရန်(အလျား၆၀'x အနံ ၃၀’ ) | |
| ၁၀ | ကျန်းမာရေး | ကျန်းမာရေးအခြေခံ အဆောက် အဦ | ကျန်းမာရေးဆေးပေးခန်းဆောက်လုပ်ရန် (အလျား၄၀'x အနံ ၂၀’ ) | |

| | | | | |
|---|---|---|---|---|
| ၁၁ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာမှ အမက ကျောင်းသို့သွားသည့် ရွာတွင်းလမ်းအား(၁၇၂၀'x ၁၂'x ၆") အား ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။ | |
| ၁၂ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာ တွင်းမြေသားလမ်း (၂) ( အရှည်၁၂၂၈’ x အကျယ်၁၂' x အမြင့်၉") အား ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ခြင်း။ | |
| ၁၃ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာတွင်းမြေသားလမ်း (၃)အား (၇၇၀'x ၁၂'x ၆") အား ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။ | |
| ၁၄ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာတွင်းမြေသားလမ်း (၄)အား (၇၆၀'x ၁၂'x ၆") အား ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။ | |
| ၁၅ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာတွင်းမြေသားလမ်း (၅)အား (၈၃၀'x ၁၂'x ၆") အား ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။ | |
| ၁၆ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာတွင်းမြေသားလမ်း (၆)အား (၅၈၀'x ၁၂'x ၆") အား ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။ | |
| ၁၇ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာတွင်းမြေသားလမ်း (၇)အား (၅၂၀'x ၁၂'x ၆") အား ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။ | |
| ၁၈ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာတွင်းမြေသားလမ်း (၈)အား (၃၂၀'x ၁၂'x ၆") အား ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။ | |

| | | | | |
|---|---|---|---|---|
| ၁၉ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာတွင်းမြေသားလမ်း (၉)အား (၁၂၀'x ၁၂'x ၆") အား ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။ | |
| ၂၀ | လျှပ်စစ် | မဟာဓာတ်အားလိုင်း | အိမ်ထောင်စုအားလုံး လျှပ်စစ်မီးလင်းစေရန် မီးတိုင် (၁၈)တိုင် ၊မီးကြိုးပေ (၁၈၀၀) | |
| ၂၁ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | လက်ရှိလူငယ်အဖွဲ့အား စွမ်းဆောင်ရည်မြင့်တင်ရေး သင်တန်းများ ပြုလုပ်ခြင်း | |
| ၂၂ | လူငယ်နှင့်အားကစား | အမျိုးသမီး | အမျိုးသမီးများအား တရား ဥပဒေဆိုင်ရာအသိပညာပေး ဟောပြောပွဲများစီစဉ်ခြင်း။ | |
| ၂၃ | သယံဇာတနှင့်သဘာဝဝန်းကျင် | သဘာဝဘေး လျော့ချရေး | သဘာဝဘေးအန္တရာယ် လျော့ချရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများ ပြုလုပ်ရန် သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများအား ချိတ်ဆက်ခြင်း။ | |

## ဝက်လေးကျေးရွာ၊ နှစ်ကိုင်းကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးညွန့်သောင်း | ဦးပါး | ၁၀/သဖရ (နိုင်) ၀၈၃၂၄၃ | ၅၅ | နာယက | ၀၉၇၆၂၄၃၃၈၅၀ |
| ၂ | ဒေါ်သန်းတင် | ဦးကုလား | ၁၀/သဖရ (နိုင်) ၀၁၃၄၄၈ | ၆၆ | ဥက္ကဋ္ဌ | ၀၉၇၉၃၃၃၁၈၁၂ |
| ၃ | ဦးအောင်စိုး | ဦးစောဖေ | ၁၀/သဖရ (နိုင်) ၀၁၃၄၁၆ | ၄၈ | ဒု-ဥက္ကဋ္ဌ | ၀၉၇၆၃၀၅၇၃၂၄ |
| ၄ | ဦးရွှေလှိုင် | ဦးဖိ | ၁၀/သဖရ (နိုင်) ၀၁၃၁၈၈ | ၄၈ | အတွင်းရေးမှူး | |
| ၅ | ဦးငွေသိန်း | ဦးဘီလင်း | ၁၀/သဖရ(နိုင်)၀၁၆၇၇၉ | ၅၂ | ဒု-အတွင်းရေးမှူး | |
| ၆ | ဦးညွန့်ဖေ | ဦးညွန့်တင် | ၁၀/သဖရ(နိုင်) ၀၁၆၇၇၁ | ၆၀ | သော့ကိုင် | ၀၉ ၄၂၂၀၅၁၈၈၁ |
| ၇ | ဒေါ်ယဉ်ယဉ်နွယ် | ဦးကြည်လွင် | ၁၀/သဖရ(နိုင်) ၀၆၃၃၁၇ | ၄၂ | စာရင်းကိုင်-၁ | - |
| ၈ | ဒေါ်ချောချောစု | ဦးတင်ရွှေ | ၁၀/သဖရ(နိုင်)၀၇၃၁၀၀ | ၄၂ | စာရင်းကိုင်-၂ | ၀၉၇၈၄၄၈၉၁၆၃ |
| ၉ | ဦးစိုးမြင့်နိုင် | ဦးမောင်မြင့် | ၁၀/သဖရ(နိုင်)၀၁၃၂၃၄ | ၄၇ | သော့ကိုင်-၁ | ၀၉၄၅၇၀၀၇၇၉၁ |
| ၁၀ | ဦးအောင်ကိုဦး | ဦးသိန်းဝင်း | ၁၀/သဖရ(နိုင်)၁၂၂၉၇၉ | ၃၅ | သော့ကိုင်-၂ | |
| ၁၁ | ဦးမြင့်ဦး | ဦးတင်ထွန်း | ၁၀/သဖရ(နိုင်) ၀၁၃၂၀၂ | ၄၅ | အဖွဲ့ဝင် | |
| ၁၂ | ဒေါ်မြင့်ထွေး | ဦးမြဒင် | ၁၀/သဖရ(နိုင်)၀၂၇၅၉၉ | ၅၅ | အဖွဲ့ဝင် | ၀၉၄၄၉၀၁၇၁၁၀ |
| ၁၃ | ဦးမောင်ထွေး | ဦးစောရီ | ၁၀/သဖရ(နိုင်)၁၃၄၃၉၂ | ၄၅ | အဖွဲ့ဝင် | ၀၉၇၆၆၂၈၀၃၁၃ |
| ၁၄ | ဦးထွန်းထွန်းဝင်း | | | ၄၃ | အဖွဲ့ဝင် | |

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

**(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၀ | ၆ | ၁၆ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၁၈ | ၁၆ | ၃၄ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၁၇ | ၂၇ | ၄၄ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၁၈ | ၁၅ | ၃၃ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၈၉ | ၁၈၃ | ၃၇၂ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၉ | ၂၃ | ၃၂ |
| **စုစုပေါင်း** | | **၂၆၁** | **၂၇၀** | **၅၃၁** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၁၂၀** | | |

ရင်းမြစ်…(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

**လေ့လာတွေ့ရှိချက်။** ။ ဝက်လေးကျေးရွာသည် အိမ်ထောင်စု (၁၂၀) စု၊ လူဦးရေ (၅၃၁) ဦး ရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ်နှင့် ငါးနှစ်အောက် ကလေးငယ် (၉.၄၂)%၊ မူလတန်းကျောင်းသားအရွယ် (၈.၂၆)%၊ အလယ်တန်း ကျောင်းသား အရွယ် (၆.၂၁)%၊ သက်ကြီး ရွယ်ကြီးအရွယ် (၆.၀၂%) ရှိပါသည်။ ပျှမ်းမျှအနေဖြင့် အလုပ်မလုပ် နိုင်သည့် လူဦးရေသည် တစ်ရွာ လုံးရှိလူဦးရေ၏ (၂၃.၉၂)% ရှိပြီး အလုပ်လုပ်နိုင်သည့် အရွယ် ကျား (၁၈၉) ဦး၊ မ (၁၈၃) ဦး စုစုပေါင်း (၃၇၂) ဦးရှိပြီး တစ်ရွာလုံးလူဦးရေ၏ (၇၀.၀၆)% ရှိပါသည်။ ပျှမ်းမျှတစ်အိမ်ထောင်လျှင် (၄.၄၃) ဦး နှုန်းသာရှိခြင်းကြောင့် ကျေးလက် အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျှမ်းမျှ တစ်အိမ်ထောင် လျှင် (၅) ဦးနှုန်းနှင့် ကိုက်ညီမှု မရှိပါ။ သို့သော် ကျေးရွာတွင် အလုပ်လုပ် နိုင်သော လူဦးရေများပြားမှုကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက် လုသားအရင်း အမြစ်ကောင်းများ အဖြစ် ထောက်ပံ့မှု ပေးနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

**(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၀ | ၄၀ | - | မြင့် ☐ လတ် ✓နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃၈ | ၇၆ | ၃၈ | မြင့် ☐ လတ် ☐နိမ့် ✓ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | ၄ | - | မြင့် ☐ လတ်☐ နိမ့် ✓ |
| | အလုပ်သမား / ဝန်ထမ်း | | | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | ၂ | - | မြင့် ☐ လတ် ✓နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂ | - | မြင့် ☐ လတ်✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | ၅ | မြင့် ☐ လတ်✓နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလုပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | - | မြင့် ☐ လတ်☐ နိမ့် ✓ |
| | အလုပ်သမား / ဝန်ထမ်း | - | - | ၁ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၀ | ၃၁ | - | မြင့် ☐ လတ် ✓နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၄ | ၉ | ၄ | မြင့် ☐ လတ် ✓နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ် ☐နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ် ☐နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂ | - | မြင့် ☐ လတ် ✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | - | မြင့် ☐ လတ် ✓ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | - | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | - | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / **ကျပန်း** / ရာသီအလိုက် အလုပ်သမား | ၂၄ | ၃၆ | ၆ | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင် လုပ်အား | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | ၁၁၇ | ၂၀၅ | ၅၄ | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ဝက်လေးကျေးရွာတွင် အဓိကထားလုပ်ကိုင်သည့် လုပ်ငန်းမှာ ရော်ဘာအစီးလှီးသည့် လုပ်ငန်းပင်ဖြစ်ပါသည်။ စိုက်ပျိုးရေးကို လုပ်ကိုင်သည့် အိမ်ထောင်စု (၁၀)စုခန့်ရှိပါသည်။ မွေးမြူရေးလုပ်ငန်းအဓိကလုပ်ကိုင်သည့် အိမ်ထောင်စု (၄)စုမျှသာ မွေးမြူရေး လုပ်ငန်း လုပ်ကိုင်ကြသည်။ အသက်မွေးဝမ်းကျောင်း လုပ်ငန်းဖြစ်သည့် သယ်ယူပို့ဆောင်ရေး လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ စက်ချုပ်သည့် လုပ်ငန်းကိုဆောင်ရွက် သည့် အိမ်ထောင်စု အနည်းငယ်ရှိပါသည်။ ဈေးရောင်းပြီး အသက်မွေးဝမ်းကျောင်း ပြုသည့် အိမ်ထောင်စုများလည်း များပြားသည်။ ကျေးရွာရှိအိမ်ထောင်စု (၃)စုမှာ သက်ကြီးရွယ်အိုဖြစ်ပြီး တစ်ဦးတည်းနေထိုင်ကာ မိသားစုမှ ထောက်ပံ့မှုကို မှီခိုစားသောက်ရပါသည်။ ပြည်တွင်း / ပြည်ပသို့ သွားရောက် လုပ်ကိုင်ကျသည့် အိမ်ထောင်စု အများအပြားရှိပါသည်။ အသက်မွေးဝမ်းကျောင်း ပညာရပ်များ တက်ကျွမ်းမှု မရှိသဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ အလွန်ရှားပါးပြီး စီးပွားရေး ကဏ္ဍတွင် လွန်စွာ အားနည်းလျှက် ရှိသည်ကို တွေ့ရှိရပါသည်။

### (ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | ၈၀၀၀ | - | ၇၀၀၀ | - |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၅၀၀၀ | - | ၆၅၀၀ | - |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | ၁၅၀၀၀ | - | ၂၀၀၀ | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၃၀၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | - | - | - | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်** (၁) လစားစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာသည် စိုက်ပျိုးရေးနှင့်ရော်ဘာခြံလုပ်ငန်းများသာ အငှားအလုပ်ကိုင်ခြင်းနှင့် ဈေးရောင်းခြင်း လုပ်ငန်းများလည်း အများစုလုပ်ကိုင် လျှက်ရှိရာ ကျား/မ ဝင်ငွေကွာခြားရခြင်းမှာလဲ လုပ်အားစိုက်ထုတ်နိုင်မှုအပေါ်တွင်မူတည်ပါသည်။ ပြင်တွင်း/ပြည်ပတွင် သွားရောက် လုပ်ကိုင်သူ အများစုသည် ရော်ဘာစိုက်ခြင်း လုပ်ငန်းကိုသာ အများစုက လုပ်ကိုင်ကြရာ ဝင်ငွေမှာလည်း လုပ်အားစိုက်ထုတ်နိုင်မှုပေါ်တွင် မူတည်ပါသည်။ အခြားလုပ်ငန်း လုပ်ကိုင်သည့် သူများ၏ လုပ်ငန်းများမှာ မသိရှိသော ကြောင့် လုပ်အားခပမာဏကို မသိရှိပါ။

## (ဂ) သဘာဝရင်းမြစ်များ

### (ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၈ | ကောင်း ☐ သင့် ✓ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၇ | ကောင်း ☐ သင့် ✓ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဓနိတောမြေ | ၁ | ကောင်း ☐ သင့် ✓ ညံ့ ☐ |
| စားကျက်မြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| **စုစုပေါင်း** | ၁၆ | ☒ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်း အမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး(သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

**လေ့လာတွေ့ရှိချက်။** ။ ဝက်လေးကျေးရွာတွင် လယ် (၈) ဧက၊ ရော်ဘာခြံ (၇) ဧကနှင့် ဓနိတောမြေ (၁)ဧက စုစုပေါင်း(၁၆)ဧကသာရှိပြီး မှာမြေဆီလွှာ အရည်အသွေး အသင့်အတင့် ကောင်းမွန်ပါသည်။

## (ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| **အမျိုးအစား** | **ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) | **အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ✓ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ ☐ သင့်☐ နည်း ☐ မရှိ ✓ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☐ နည်း ☐ မရှိ ✓ | လွယ် ☐ ခက် ☐အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ☐ မရှိ ✓ | ☒ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် သဘာဝ တွင်းထွက်ပစ္စည်း ၊ ကျောက်/သဲ၊ သဘာဝ အပင်မျိုးစိတ် နှင့် သဘာဝ တိရစ္ဆာန်မျိုးစိတ်များ မရှိပါ။

## (ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| **အကြောင်း အရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည်သောအိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | | ၁ ဧက/၄ဧက | မရှိ | မရှိ |
| အိမ်အခြေအနေ | | သွပ်မိုး၊ ပျဉ်ထောင်၊ ပျဉ်ခင်း၊ပျဉ်ကာ | သွပ်မိုး၊ ပျဉ်ထောင်၊ ပျဉ်ခင်း၊ ပျဉ်ကာ၊ ဝါးအိမ် | ဖက်မိုး၊ ဖက်ကာ၊ ဝါးခင်း၊ ဝါးအိမ်တိုင် |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | | ဆိုင်ကယ်၊ ထော်လာဂျီ၊ | ဆိုင်ကယ် | မရှိ |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| အဓိကစီးပွားရေး လုပ်ငန်း | | ရော်ဘာခြံ | ရော်ဘာခြံနှင့် ကြုံရာကျဘန်း | ကြုံရာကျဘန်း |
| အိမ်ထောင်စု | | ၂၉ | ၆၉ | ၂၂ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ဝက်လေးကျေးရွာတွင် ခြံမြေဧက ပိုင်ဆိုင်မှုနည်းပါးသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စု(၂၉)စုသည် မြေယာပိုင်ဆိုင်မှုရှိသည့် အိမ်ထောင်စုများနှင့် လက်သမား/ ပန်းရံနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်ကြသည့် အိမ်ထောင်စုများ ဖြစ်ပါသည်။ မပြေလည်သော အိမ်ထောင်စုနှင့် အလွန်အဆင်မပြေသော အိမ်ထောင်စုများ (၉၁)စုသည် ရော်ဘာခြံလုပ်ငန်း၊ တစ်နိုင်တစ်ပိုင် လက်လီလက်ကား ရောင်းဝယ်ခြင်း၊ အစီးလေးခြင်းလုပ်ငန်းများနှင့် အခြားကြုံရာ ကျဘန်း လုပ်ငန်းများကို အငှားလုပ်ကိုင် ဆောင်ရွက်ကြခြင်း ဖြစ်ပါသည်။

## (င) ထိခိုက်လွယ်မှု

### (င-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ________<br>အစာလျှော့စား = ________<br>အထောက်အပံ့ယူ = ________<br>ချေးယူ = ________<br>လုပ်အားခကြိုယူ = ________ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | ၂၃ | အခြားအစာပြောင်းလဲစား = ________<br>အစာလျှော့စား = ________<br>အထောက်အပံ့ယူ = ________<br>ချေးယူ = ✓<br>လုပ်အားခကြိုယူ = ________ |
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ________<br>အစာလျှော့စား = ________<br>အထောက်အပံ့ယူ = ________<br>ချေးယူ = ________<br>လုပ်အားခကြိုယူ = ________ |

ရင်းမြစ်..ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် စားသုံးရန်၊ပညာရေး၊ကျန်းမာရေးနှင့် ဝင်ငွေရအလုပ် အကိုင်အတွက် ချေးယူရပါသည်။

## (င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | ၉ | ၂၃ | ၃၂ |
| မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၅ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | ၂ | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | ၁၁ | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ဝက်လေးကျေးရွာတွင် ကူညီစောက်ရှောက်မှု အထူးလိုအပ်သည့် ဆင်းရဲသည့် အိမ်ထောင်စုများ များပြားရှိပါသည်။ အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများရှိပြီး အိမ်ထောင်စုအားလုံး၏ လေးပုံတစ်ပုံသည် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုများဖြစ်ပါသည်။ အခြားဒေသသို့ သွားရောက်လုပ်ကိုင်နေသည့် အိမ်ထောင်စုများလည်း ကျေးရွာတွင် များစွာရှိပါသည်။

## (င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ✓ လတ် ☐ နိမ့် ☐ မရှိ ☐ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ လတ် ☐ နိမ့် ✓ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၇ | ငလျင် | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐ နိမ့် ✓ မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့် ✓ မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |
| ၁၆ | တီရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ လတ် ☐ နိမ့် ✓ မရှိ ☐ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ✓ |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ဝက်လေးကျေးရွာသည် အဆင်မပြေသော အိမ်ထောင်စုများအတွက် စားနပ်ရိက္ခာဖူလုံမှုအတွက် ထိခိုက်မှုများ ရှိပါသည်။ မိုးရာသီနှင့် ရာသီကူးပြောင်းချိန်များတွင် ဖြစ်ပွားမှုတက်သည့် ငှက်ဖျားရောဂါနှင့်တီဘီရောဂါ ခံစားရသူ အနည်းငယ် ရှိပါသည်။ ရာသီကူးပြောင်းမှုများတွင် တိရစ္ဆာန်ရောဂါများ ဖြစ်ပွားလေ့ရှိပြီး၊ ကြက်၊ ဝက်တုပ်ကွေး ရောဂါများ ဖြစ်ပွားမှု အနည်းငယ် တွေ့ရပါသည်။ ကျေးရွာတွင် လူကုန်ကူးမှု နှင့် ပြည်တွင်းပဋိပက္ခများ ဖြစ်ပွားမှု မရှိပါ။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပါသည်။

## (င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐ လတ် ☐ နိမ့် ✓ မရှိ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ✓ လတ် ☐ နိမ့် ☐ မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ✓ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ✓ လတ် ☐ နိမ့် မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၅ | ဆေးစွဲသူများ | မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် ☐ လတ် ✓ နိမ့် ☐ မရှိ ☐ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐ လတ် ✓ နိမ့်☐ မရှိ ☐ |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ဝက်လေးကျေးရွာတွင် လူငယ်အများစုသည် ကျန်းမာရေးနှင့်ပတ်သက်သည့် ဆေးပညာဆိုင်ရာအသိပညာ နည်းပါးခြင်းကြောင့် အနည်းငယ် ထိခိုက်သက်ရောက်မှုရှိပါသည်။ အမျိုးသမီးဦးဆောင်ပြီး ဆင်းရဲသည့် အိမ်ထောင်စုများနှင့် လက်လုပ်လက်စား ကျဘန်းလုပ်ကိုင်သည့် အိမ်ထောင်စုများရှိသဖြင့် ၎င်းအိမ်ထောင်စုများသည် သဘာဝဘေးအန္တရာယ်ကြုံတွေ့ရပါက အခြားအိမ်ထောင်စုများထက်ပို၍ ထိခိုက်ခံစားလွယ်နိုင်ပါသည်။ နေရပ်ပြန်အခြေချသူများနှင့်ရွှေ့ပြောင်းလုပ်သားများမှာ အသက်မွေးဝမ်းကျောင်း ပညာရပ် တက်မြောက်မှုမရှိသဖြင့် မိမိနေရပ်တွင် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်ရန်အတွက် အခွင့်အလမ်းနည်းပါးခြင်းကြောင့် ရွှေ့ပြောင်းသွားလာနေထိုင်သည့် အိမ်ထောင်စုများမှာလည်း ထိခိုက်သက်ရောက်နိုင်ပါသည်။

### (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

### (က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### (က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | အုပ်ချုပ်ရေး အဖွဲ့ | ၁☐ ၂✓ ၃☐ | ၁ | | ၂ | ပညာရေး ✓ ငွေကြေး ☐<br>ကျန်းမာရေး ✓ ဘာသာရေး ✓<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး ✓ | ကောင်း ☐<br>သင့် ✓<br>ညံ့ ☐ |
| ၂ | ဂေါပက အဖွဲ့ | ၁☐ ၂✓ ၃☐ | ၉ | | ၁၆ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ✓<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ✓<br>ညံ့ ☐ |
| ၃ | ရပ်မိရပ်ဖ | ၁☐ ၂✓ ၃☐ | ၇ | ၈ | ၁၅ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ✓<br>ညံ့ ☐ |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင် နိုင်မှု (မှန်ရာတစ် ခု ကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၄ | အမျိုးသမီး ရေးရာ | ၁☐ ၂✓ ၃☐ | | ၁၂ | ၁၂ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ✓ ဘာသာရေး ✓<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ✓<br>ညံ့ ☐ |
| ၅ | မိခင်နှင့် ကလေး | ၁☐ ၂✓ ၃☐ | | ၁၃ | ၁၃ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ✓ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ✓<br>ညံ့ ☐ |
| ၆ | လူငယ် ပရဟိတ အဖွဲ့ | ၁☐ ၂✓ ၃☐ | ၁၇ | ၈ | ၂၅ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ✓ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☐<br>ညံ့ ✓ |
| ၇ | ကျန်းမာရေး အဖွဲ့ | ၁☐ ၂✓ ၃☐ | ၁ | ၂ | ၃ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ✓ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ✓<br>ညံ့ ☐ |
| ၈ | လမ်း ကော်မတီ | ၁☐ ၂✓ ၃☐ | ၆ | ၃ | ၉ | ပညာရေး ☐ ငွေကြေး ✓<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ✓<br>ညံ့ ☐ |
| ၉ | ကျောင်း ကော်မတီ | ၁☐ ၂✓ ၃☐ | ၄ | ၃ | ၇ | ပညာရေး ✓ ငွေကြေး ✓<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ✓<br>ညံ့ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဉပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**လေ့လာတွေ့ရှိချက်။** ။ ဝက်လေးကျေးရွာ၏ အုပ်ချုပ်မှုစီမံကွပ်ကဲမှုတို့တွင် အမျိုးသမီး ပါဝင်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် အဖွဲ့များအားလုံးစုပေါင်းပြီး ဆောင်ရွက်ကြပါသည်။ ကျေးရွာရှိ အဖွဲ့အစည်းများ၏ လုပ်ဆောင်မှုများသည် အသင့်အတင့် ကောင်းမွန်ပါသည်။ အဖွဲ့အစည်းများသည် ပူးပေါင်းဆောင်ရွက်မှု အားနည်းသည်ကို တွေ့ရှိရပါသည်။ ၎င်းအဖွဲ့အစည်းများအား စွမ်းဆောင်ရည်မြှင့်မားလာစေရန်နှင့် ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေရန် စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများ ပေးသင့်ပါသည်။

## (က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | **အဖွဲ့အစည်း အမျိုးအစား** (မှန်ရာတစ်ခုကိုသာ ရွေးရန်) | **အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်** (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | IOM | ၁☐ ၂✓၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ✓ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ |
| ၂ | UNICEF | ၁☐ ၂✓၃☐ ၄☐ ၅☐ ၆☐ ၇☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ✓ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ✓ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)
(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)
(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း
(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)
(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)
(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)
(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

